# မြန်မာနိုင်ငံသားများဘဏ်လီမိတက်
MYANMAR CITIZENS BANK LTD.


ရက်စွဲ။ ။၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်

## ဘဏ်ခွဲအသစ်ဖွင့်လှစ်ခြင်းအား အသိပေးခြင်း

မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ (၂၂)ခုမြောက် ဘဏ်ခွဲဖြစ်သော မန္တလေးဘဏ်ခွဲ(၂)အား (၂.၁၀.၂၀၁၆) ရက်နေ့ ၊ နံနက် (၉း၀၀) နာရီတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ အဆိုပါဘဏ်ခွဲအား အကွက်အမှတ် (၇၂၀)၊ ၇၃ လမ်းနှင့် ၂၇ လမ်းထောင့် ၊ စိတ္တရမဟီရပ်၊ မန္တလေးမြို့၊ မန္တလေးတိုင်းဒေသကြီးတွင် ဖွင့်လှစ်မည်ဖြစ်ပြီး (၃.၁၀.၂၀၁၆) ရက်နေ့မှစ၍ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများအား ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ယင်းမန္တလေးဘဏ်ခွဲ(၂)သည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း (၄)ခုမြောက်ဖွင့်လှစ်သောဘဏ်ခွဲဖြစ်ပါသည်။ မြန်မာနိုင်ငံသားများဘဏ်အနေဖြင့် မန္တလေးမြို့ (၂၇)လမ်းနှင့် (၈၁) လမ်းထောင့် ချမ်းအေးသာဇံမြို့နယ်တွင် ဘဏ်ခွဲကြီး(၁)ခုနှင့် အမှတ် (၂၅) ၊ ပြည်ကြီး မင်္ဂလာကားဝင်း၊ စွယ်တော်ဘုရားအရှေ့မြောက်ဘက်၊ အမရပူရမြို့နယ်တွင် ဘဏ်ခွဲငယ်(၁)ခုဖွင့်လှစ် ဆောင်ရွက်လျှက်ရှိပြီး ယခုဖွင့်လှစ်မည့် ဘဏ်ခွဲသည် မြန်မာနိုင်ငံသားများဘဏ်အနေဖြင့် မန္တလေးတိုင်းဒေသကြီးတွင် (၃)ခုမြောက်ဖွင့်လှစ်သည့် ဘဏ်ခွဲဖြစ်ပါသည်။ ဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်ခြင်းကြောင့် ဒေသခံပြည်သူများ ငွေကြေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုံခြုံစိတ်ချရမှုရှိခြင်း၊ အချိန်နှင့်တပြေးညီ ငွေကြေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နိုင်ပြီး ၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

30.9

( ဆွေဆွေမြင့် )

ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ


No.383, Mahabandoola Street, Kyauktada Township, Yangon, Myanmar.
Tel : +095-01-245936, 245938. Fax : 095-01-245932, 391454. P.O. Box : 262. Cable Address : MYANCIBANK.
E-mail : admin@mcb.com.mm Website : http://www.mcb.com.mm